ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ချောင်းဆုံမြို့

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှု အစီအစဉ်



ကော့မုပွန်ကျေးရွာအုပ်စု၊ ကော့မုပွန်ကျေးရွာ

2018 ခုနှစ်

မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ

၁။ ချောင်းဆုံမြို့နယ်ပြမြေပုံ....3

၂။ ကော့မုပွန်ကျေးရွာတည်နေရာပြမြေပုံ....4

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း....5

၄။ ကျေးရွာအခြေခံအချက်အလက်များ....5

၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား....6

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ....8

၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ.... 19

၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း.... 20

၉။ ကျေးရွာအချက်အလက် (ပုံစံ-၁).... 21

၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂).... 24

၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃).... 25

၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄).... 27

၁၃။ အစည်းအဝေးမှတ်တမ်းများ.... 28


၁၄။ ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ.... 30

၁၅။ ကျေးရွာများမှနောင်လာမည့် (၅) နှစ်အတွင်းမျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ.... 30

၁၆။ ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ.... 31


ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(ကော့မုပွန်ကျေးရွာအုပ်စု၊ ကော့မုပွန်ကျေးရွာ)

၁။ ချောင်းဆုံမြို့နယ်ပြမြေပုံ



ကျေးရွာဖွဲ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(ကော့မုပွန်ကျေးရွာအုပ်စု၊ ကော့မုပွန်ကျေးရွာ)

၂။ ကော့မုပွန်ကျေးရွာတည်နေရာပြမြေပုံ



ကျေးရွာဖွဲ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(ကော့မုပွန်ကျေးရွာအုပ်စု၊ ကော့မုပွန်ကျေးရွာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

ကျေးရွာအုပ်စုအမည်	ကျေးရွာအမည်
ကော့မုပွန်ကျေးရွာအုပ်စု	ကော့မုပွန်ကျေးရွာ
	ကုလားစုကျေးရွာ

၄။ ကျေးရွာအခြေခံအချက်အလက်များ

ကျေးရွာအမည် - ကော့မုပွန်ကျေးရွာ

ကျေးရွာအုပ်စုအမည် - ကော့မုပွန်ကျေးရွာအုပ်စု

လူဦးရေ - ကျား - ၉၂၅၊ မ - ၁၀၄၅၊ စုစုပေါင်း - ၁၉၇၀ ဦး

အိမ်ထောင်စု - ၄၂၄ စု

ကျန်းမာရေးဆေးပေးခန်း - မရှိ

ပညာရေးအဆောက်အဦး - မူကြို (၁)၊ မူလတန်း (၁)၊ အလယ်တန်း (၁)

လူမှုရေးအဆောက်အဦး - ဘုန်းကြီးကျောင်း၊ စေတီ၊ ဟိန္နူဘုရားကျောင်း

အဓိက စီးပွားရေးလုပ်ငန်း - လယ်ယာလုပ်ငန်း၊ ကျဘမ်း၊ နွေရာသီပဲစိုက်ခင်း

အဓိက ပိုင်ဆိုင်မှု - လယ်ယာ၊ နွေရာသီပဲစိုက်ခင်း

အခြားဆက်နွယ်မှု ရှိ/မရှိ - အုပ်စုအတွင်း ကျေးရွာများနှင့်ချိတ်ဆက်မှုရှိ

၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

စဉ်	အကြောင်းအရာ	ရက်စွဲ	ဦးတည်အုပ်စု	တက်ရောက်သူ			အဓိကဆွေးနွေးချက်များ
				က	မ	ပ	
၁	ကျေးရွာလူမှုရေးပြ၊ သယံဇာတပြမြေပုံ၊ (Social Map, Resources Map)	7.10.2017	ကျေးရွာလူထု	30	65	95	- ကျေးရွာ၏အဓိကသွင်ပြင်လက္ခဏာများကိုဆွေးနွေးခြင်း၊ ကျေးရွာအတွင်းတည်ရှိနေသည့် အရင်းအမြစ်များ၊ အခြေခံအဆောက်ဦးများနှင့် ဝန်ဆောင်မှုများကိုဆွေးနွေးခြင်း - ၎င်းအခြေခံအဆောက်အဦးများ ၏အခြေအနေများကို ဆွေးနွေး ခြင်း၊ (ရပ်ရွာဖွံ့ဖြိုးရေးအတွက် ပြုပြင်ရန်နှင့် အသစ်ဆောက် လုပ်ရန်လိုအပ်ချက်များကို ဆွေးနွေးခြင်း)
၂	လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း။ (Wealth Ranking)	7.10.2017	ကျေးရွာလူထု	39	73	112	- ကျေးရွာအတွင်းနေထိုင်သူ အိမ်ထောင်စု/ အုပ်စုများ၏ ဝင်ငွေ များ၊ ဥစ္စာဓန ကြွယ်ဝမှုများ၊ ပိုင် ဆိုင်မှုများနှင့် အခြေအနေများ ကို ဆွေးနွေးသုံးသပ်ခြင်း။ - ကျေးရွာလူထုများ၏ အသက်မွေးဝမ်းကြောင်းမှုလုပ်ငန်းအခြေ အနေ၊ ဖွံ့ဖြိုးတိုးတက်ရေး အတွက်ကြုံတွေ့နေရသည့် အားနည်းချက်များ၊ အဟန့်အ တားများကို ရှာဖွေဖော်ထုတ် ခြင်း။ - အိမ်ထောင်စုများ/အုပ်စုများ၏ စီးပွားရေး၊ လူမှုရေးအခြေအနေ များကိုလေ့လာဖော်ထုတ်ခြင်း။
၃	ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar)	7.10.2017	ကျေးရွာလူထု	30	65	95	- ကျေးရွာအတွင်းနေထိုင်သူများ တစ်နှစ်ပတ်လုံးအတိုင်းအတာ အတွင်း ရာသီအလိုက် လုပ်ငန်း ဆောင်တာများ၊ အသက်မွေး ဝမ်းကြောင်းမှု အပြောင်းအလဲ များကိုဆွေးနွေးခြင်း။ - အစာရေစာရရှိနိုင်မှု၊ ကျန်းမာ ရေးပြဿနာများ၊ အိမ်ထောင်စု များအတွင်း တစ်နှစ်ပတ်လုံး အတိုင်းအတာဖြင့် ကြုံတွေ့နေ ရသည့် မတူညီသည့် အခက်အ ခဲများကို ဆွေးနွေးခြင်း။ - အချိန်အပိုင်းခြားအလိုက် အခက်အခဲနှင့် အခွင့်အလမ်း များကိုဆွေးနွေးခြင်း။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(ကော့မုပွန်ကျေးရွာအုပ်စု၊ ကော့မုပွန်ကျေးရွာ)

စဉ်	အကြောင်းအရာ	ရက်စွဲ	ဦးတည်အုပ်စု	တက်ရောက်သူ			အဓိကဆွေးနွေးချက်များ
				က	မ	ပ	
၄	အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram)	8.10.2017	ကျေးရွာလူထု	39	73	112	- ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ စီမံကိန်းများကို လုပ်ဆောင်နေသည့် ရွာအတွင်း ရွာပြင်ပရှိအဖွဲ့အစည်းများကို သိရှိနားလည်စေရန်နှင့် ၎င်းအဖွဲ့အစည်းများ၏အားဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ချိတ်ဆက်လုပ်ဆောင်နိုင်စေရန်ဆွေးနွေး ခြင်း။
၅	ပင့်ကူအိမ်သုံးသပ်ခြင်း (Spider Web)	8.10.2017	ကျေးရွာလူထု	30	65	95	- ကျေးရွာအတွင်းရှိ အမျိုးသမီး၊ အမျိုးသားများ၏ အခန်းကဏ္ဍကိုသိရှိနိုင်ရန်နှင့် ၎င်းတို့ကိုယ်တိုင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရာတွင်ကြုံတွေ့နေသည့် အားနည်းချက်များ၊ ဆိုးကျိုးများကိုသိရှိနားလည်စေရန်။
၆	ကျေးရွာ၏ဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲခြင်း (Village Development Visioning)	8.10.2017	ကျေးရွာလူထု	89	106	195	- ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်မည့်လုပ်ငန်းစဉ်များအား (၅) နှစ်စာအတွက် အမျိုးသား/အမျိုးသမီးအုပ်စုများဖြင့် ဆွေးနွေးချမှတ်ခြင်း။
၇	ကျေးရွာ၏ဖွံ့ဖြိုးရေး ဦးစားပေးလုပ်ငန်းများအဆင့်သတ်မှတ်ခြင်း (Village Development Priorities)	8.10.2017	ကျေးရွာလူထု	89	106	195	- ယခုနှစ်လုပ်ငန်းအကောင်အထည်ဖော်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအား အမျိုးသား/အမျိုးသမီးများအပါဝင် ကျေးရွာလူထုတစ်ရပ်လုံးဖြင့် အစဉ်လိုက် ဦးစားပေးသတ်မှတ်ခြင်း။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၆.၁ အရင်းအမြစ်ပြမြေပုံ



ကော့မုပွန်ကျေးရွာ၏ လူမှုရေးနှင့်အရင်းမြစ်ပြမြေပုံ သုံးသပ်ချက်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကော့မုပွန်ကျေးရွာအုပ်စု၊ ကော့မုပွန်ကျေးရွာတွင် အိမ်ထောင်စု (၄၂၄) စုရှိပြီး လူဦးရေစုစုပေါင်း (၁၉၆၃) ဦးနေထိုင်ကြသည်။ ဗမာလူမျိုး၊ မွန်လူမျိုးအများဆုံးနေထိုင်ပြီး တမီလ်လူမျိုးအနည်းငယ် နေထိုင်ကြသည်။ အိမ်ထောင်စု (၄၂၄) စုရှိသည့်အနက် အမျိုးသားဦးဆောင်သော အိမ်ထောင်စု (၃၉၇) စုခန့်ရှိပြီး အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု (၂၇) စုခန့်ရှိကြောင်း တွေ့ရှိရပါသည်။ အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ လယ်ယာလုပ်ငန်းဖြစ်ပြီး ပဲစိုက်ပျိုးခြင်း၊ နွားမွေးမြူခြင်းလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြသည်။ အချို့မှာမူ ငါးဖမ်းလှေထွက်ခြင်း၊ ယခင်က ကူးတို့လှေစောင့်ခြင်း၊ မော်လမြိုင်ကမ်းသို့ ကုန်တင်ကုန်ချလူအများ ကြိုပို့ခြင်းများ ပြုလုပ်၍လည်း အသက်မွေးဝမ်းကြောင်းပြုကြသည်။ ယခုအခါတွင်မူ မော်လမြိုင်နှင့် ဘီလူးကျွန်းသို့ ချိတ်ဆက်ထားသည့် တံတားပြီးမြောက်သွားသဖြင့် ကူးတို့လုပ်ငန်းဖြင့် အသက်မွေးကြသူများမှာ ဝင်ငွေသိသိသာသာကျဆင်းသွားပြီး အလုပ်လက်မဲ့ဖြစ်သွားကြသည်။ ငါးဖမ်းလုပ်ငန်းဖြင့် အသက်မွေးကြသူများအနေဖြင့်လည်း ရေသယံဇာတရှားပါးလာမှုကြောင့် ဝင်ငွေ၊ ထွက်ငွေမျှတမှုမရှိဘဲ

အခက်အခဲ နှင့်ရင်ဆိုင်နေကြရကြောင်း သိရှိရသည်။ မြစ်ကမ်းနံဘေးတွင်တည်ရှိသော ကျေးရွာဖြစ်သဖြင့် ရေလုပ်ငန်းဖြင့် အသက်မွေးကြသည့်သူများ များပြားသည်။ ယခင်ကာလများတွင် စီးပွားရေးအဆင် ပြေကြသဖြင့် ကျေးရွာမှာ စည်ကားသော်လည်း ယခုအချိန်တွင်မူ လူနေထိုင်မှုလျော့နည်းသွားသည်။

ကျေးရွာ၏အရင်းအမြစ်များအနေဖြင့် အမက မူလွန်ကျောင်း၊ မူကြိုကျောင်း၊ ဟိန္နုဘုရား ကျောင်း၊ စေတီ၊ စာကြည့်တိုက်၊ သမဝါယမရုံး၊ ဘုန်းကြီးကျောင်း၊ ကျေးရွာဇရပ်၊ ကျေးရွာအုပ်ချုပ်ရေး မှူးရုံး၊ ဆိပ်ကမ်းစသည်တို့ရှိသည်။ ကော့မုပွန်ကျေးရွာသည် ချောင်းဆုံမြို့မှ (၁၂) မိုင်ခန့်အကွာတွင် ရှိသောကျေးရွာတစ်ရွာဖြစ်ပြီး မော်လမြိုင်မြို့နှင့် သံလွင်မြစ်သာခြားပြီး အလွန်နီးကပ်သည်။


မြစ်ကမ်းနံဘေးတွင်တည်ရှိသည့်ရွာဖြစ်သည့်အလျောက် သောက်သုံးရေရှားပါးသည်။ သောက် သုံးရေအတွက် မြစ်ရေကိုသိုလှောင်ကာ အကြည်ခံပြီးမှ ရယူသုံးစွဲရသည်။ ဒီရေအတက်အကျများရှိ ခြင်း၊ ရေနုတ်မြောင်းများ မကောင်းမွန်ခြင်းကြောင့် ရေကြီးနစ်မြုပ်ခြင်းများလည်းရှိသည်။ ရေကြီးနစ် မြုပ်ခြင်းကြောင့် ပျက်စီးသွားသော မြေသားလမ်းနေရာတွင် ကျေးရွာလူထုမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ကွန်ကရစ်လမ်းများခင်းခြင်းအပြင်လူထုဗဟိုပြုစီမံကိန်းပထမနှစ်စက်ဝန်း၏ ထောက်ပံ့ရံပုံငွေဖြင့်လည်း ကျေးရွာချင်းဆက်လမ်းကိုလည်း အကောင်ထည်ဖော်ဆောင်ရွက်ခဲ့သည်။ ယခုအခါတွင်လည်း ကျေးရွာအတွင်း ကွန်ကရစ်ခင်းရန် မြေသားလမ်းအချို့ကျန်ရှိနေသေးသည်ကို တွေ့ရသည်။ လူထုဗ ဟိုပြုစီမံကိန်းဒုတိယနှစ်စက်ဝန်း ရံပုံငွေဖြင့် ကျန်ရှိနေသေးသည့် မြေသားလမ်းအချို့အား ကွန်ကရစ် ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်နေသည့်အပြင် လွှတ်တော်ရံပုံငွေဖြင့်လည်း ကွန်ကရစ်လမ်းအချို့ အကောင်ထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာလူထုအနေဖြင့် ကျေးရွာအတွင်းလိုအပ်ချက် ရှိနေသည့် အခြေခံအဆောက်အဦများအနေဖြင့် ပညာရေးအဆောက်အဦများ ပြုပြင်တိုးချဲ့တည် ဆောက်ရေးလုပ် ငန်းကိုဒုတိယနှစ်တွင် အကောင်ထည်ဖော်ဆောင်ရွက်ပြီးဖြစ်ပါသည်။ ကျန်းမာရေးနှင့်သက်ဆိုင်သည့်အခြေခံ အဆောက် အဦများပြုပြင်တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းကို ကျန်းမာရေးဘတ်ချက်ဖြစ်ဆောင်ရွက်မည်ဖြစ်သည်။ယခုအချိန်တွင် မှုကျေးရွာမီးလင်းရေးနှင့် လမ်းပန်းဆက်သွယ်ရေးမှာအဆင်ပြေမှုများ ရှိ သည်ကို တွေ့ရသည်။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များ အစည်းအဝေးများပြုလုပ်ရာတွင်ကျေးရွာလူဦးရေနှင့်လုံလောက်သော အစည်းအဝေးခန်းမရှိ သောကြောင့်အခက်အခဲရှိနေသဖြင့် ဘာသာရေးအဆောက်အဦးများ၊ပညာရေးအဆောက်အဦးများ အားလပ်ချိန်ကိုသာ အသုံးပြုကြရပါသည်။

ပညာရေးအပိုင်းတွင် မူလတန်းကျောင်းတစ်ကျောင်းနှင့် မူလတန်းလွန်ကျောင်း၊ မူကြိုကျောင်း များရှိသည်။

ကျေးရွာအတွင်းတွင် အလုပ်အကိုင်ရှားပါးခြင်း၊ အလုပ်လက်မဲ့များပေါများခြင်းကြောင့် လူငယ် များအနေဖြင့် (မလေး၊ ထိုင်း) စသောနိုင်ငံများသို့ သွားရောက် အလုပ်လုပ်ကိုင်ရန် ပြင်ဆင်

နေကြသည် ဟုဆွေးနွေးကြပါသည်။ အချို့သော မိသားစုဝင်များမှာမူ ၄င်းတို့၏မိသားစုဝင်များ နိုင်ငံရပ်ခြားမှ ပို့လာ သည့်ငွေကြေးဖြင့် မိသားစုရပ်တည်လျက်ရှိသည်ကိုတွေ့ရပါသည်။

၆.၂ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက်အဖွဲ့စည်းအချင်းချင်းချိတ်ဆက်မှုပြဗန်ကားချပ်



ကော့မုပွန်ကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက်

ကော့မုပွန်ကျေးရွာအုပ်စု၊ ကော့မုပွန်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ကိုင်နေကြသည့် အဖွဲ့အစည်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ ရပ်ရွာအုပ်ချုပ်ရေးအဖွဲ့

၂။ လူထုဗဟိုပြုစီမံကိန်းအထောက်အကူပြုကော်မတီ

၃။ ကူးတို့အဖွဲ့

၄။ ကျန်းမာရေးကော်မတီ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(ကော့မုပွန်ကျေးရွာအုပ်စု၊ ကော့မုပွန်ကျေးရွာ)

၅။ ပညာရေး ကျောင်းအကျိုးတော်ဆောင်အဖွဲ့

၆။ မြစိမ်းရောင်စိမံကိန်းကော်မတီအဖွဲ့

၇။ မိခင်နှင့်ကလေးအဖွဲ့

၈။ အမျိုးသမီးရေးရာအဖွဲ့

၉။ မီးသတ်တပ်ဖွဲ့

၁၀။ UNDP စပါးဘဏ်အဖွဲ့

၁၁။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

၁၂။ မြို့နယ်စည်ပင်သာယာရေးကော်မတီ

၁၃။ မြို့နယ်ပညာရေး

၁၄။ မြို့နယ်ကျန်းမာရေး


စက်ဝိုင်းအတွင်းရှိသော အဖွဲ့အစည်းများသည် ကျေးရွာအတွင်းတွင်ရှိသော အဖွဲ့အစည်းများဖြစ်ပြီး စက်ဝိုင်းအတိုင်းအတာပေါ်တွင်မူတည်ပြီး ကျေးရွာအပေါ်တွင် လုပ်ကိုင်နိုင်စွမ်း၊ လွှမ်းမိုးနိုင်စွမ်း၊ ပံ့ပိုးပေးနိုင်စွမ်းကွာခြားမှုရှိသည်။ ၎င်းအဖွဲ့များအနက်တွင်မှ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ လူထုဗဟိုပြု စီမံကိန်းအထောက်အကူပြုကော်မတီအဖွဲ့နှင့် ကူးတို့အဖွဲ့မှာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အထောက်အကူပြုရာတွင် ထိရောက်မှုအရှိဆုံးဖြစ်သည်။ ၎င်းအဖွဲ့များသည် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများနှင့်လည်းကောင်း၊ ကျေးရွာပြင်ပရှိအဖွဲ့အစည်းများနှင့်၎င်း ချိတ်ဆက်ကာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ပညာရေးကျောင်းအကျိုးတော်ဆောင်ကော်မတီ၊ ကျန်းမာရေးကော်မတီ၊ မြစိမ်းရောင်အဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာအဖွဲ့ စသည့်အဖွဲ့အစည်းများသည်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်ရှိ သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ကာ ဆောင်ရွက်ချက်များရှိနေသည်ကိုတွေ့ရသည်။

ဖော်ပြပါအဖွဲ့အစည်းများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ကိုင်နေကြသော်လည်း အချင်းအချင်းချိတ်ဆက်လုပ်ဆောင်မှုအားနည်းနေသည်ကို တွေ့ရသည်။ ၎င်းအပြင် သက်ဆိုင်ရာအဖွဲ့အစည်းတစ်ခုချင်းစီအနေဖြင့်လည်း ရံပုံငွေမရှိခြင်း၊ တိကျသော တာဝန်၊ ဝတ္တရားများသတ်မှတ်ထားရှိမှုမရှိသေးခြင်းတို့အပြင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များတိကျစွာချမှတ်ထားခြင်းများ မရှိသေးသည်ကိုတွေ့ရသည်။ သို့ဖြစ်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းလုပ်ဆောင်ရာတွင် ထိရောက်မှုအားနည်းပြီး နောင့်နှေးနေမှုများရှိနေသည်ကို လေ့လာသိရှိရပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(ကော့မုပွန်ကျေးရွာအုပ်စု၊ ကော့မုပွန်ကျေးရွာ)

၆.၃ ဓနအင်အားအဆင့်သတ်မှတ်ခြင်း



ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း

ကျေးရွာအုပ်စု - ကျေးရွာအုပ်စု ကော့မုပ္ပဉ် ကျေးရွာအမည် - ကျေးရွာကော့မုပ္ပဉ်

အဆင့်သတ်မှတ်ခြင်း	စံသတ်မှတ်ခြင်း	အိမ်ထောင်စု
A အဆင့်မြင့်	ဆိုင်ကယ်နှစ်ဆယ်၊ လယ် (၁၀) ဧကအထက်၊ ကူတို့လေ့ အိမ်ဆောက်ပစ္စည်းကောင်း၊ လျှပ်စစ်သုံးကောင်း၊ ဈေးဆိုင်၊ ဆန်စက်၊ နွားများ	25
B အလယ်အလတ်	ပျဉ်ထောင်အိမ်ဟောင်းမိုး၊ ပျဉ်ထောင်အိမ်အသစ်လည်း လယ် (၅) ဧကနှင့်အထက်၊ ဆိုင်ကယ်၊ နွား၊ နို့ဆိုးကျောင်း အစားစရာလုပ်ကိုင်ခြင်း၊ ငါး ဖိတ်ငါးလေ့	279
C နွံဖြစ်ပါ	တဲရဲကာ ခရိမိုး ငါး အိမ် ဧကအောက်၊ ကျဘမ်းလုပ်ကိုင်ခြင်း၊ ဈေးစားခြင်း ငါးလေ့လိုလာ	120

ကော့မုပ္ပန်ကျေးရွာ၏ ဓနအင်အားအဆင့်သတ်မှတ်ခြင်းသုံးသပ်ချက်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကော့မုပ္ပန်ကျေးရွာအုပ်စု၊ ကော့မုပ္ပန်ကျေးရွာတွင် အိမ်ထောင်စု (၄၂၄) စုရှိပြီး အဓိကအသက်မွေးဝမ်းကြောင်းအနေဖြင့် လယ်ယာလုပ်ငန်းကို လုပ်ကိုင်ကြပြီး လက်သမား၊ ပန်းရံ၊ ကုန်တင်ကုန်ချနှင့် ပဲစိုက်ခြင်းလုပ်ငန်းများဖြင့်လည်း အသက်မွေးကြသည်။ အချို့မှာနိုင်ငံရပ်ခြားတွင် သွားရောက်လုပ်ကိုင်ကြပြီး ကိုယ်ပိုင်လယ်၊ ခြံမရှိသူများသည် ကျဘမ်းလုပ်ငန်းဖြင့် အသက်မွေးကြသည်။

ကျေးရွာတွင် အိမ်ထောင်စု (၄၂၄) စုရှိသည့်အနက် အိမ်ထောင်စု (၃၀) စုခန့်သည် နှစ်ထပ်အိမ်၊ လယ် (၁၀) ဧက အထက်၊ ကူးတို့လေ့၊ ဆိုင်ကယ်၊ နွားများ၊ ဆန်စက်၊ ထော်လာဂျီ အစရှိသည်တို့ကို ပိုင်ဆိုင်ကြပြီး ဓနအင်အားအဆင့်သတ်မှတ်ချက် (A) အဆင့်တွင်ရှိသည်ဟု သတ်မှတ်ကြသည်။


ပျဉ်ထောင်သွပ်မိုးအိမ်၊ လယ် (၅) ဧက အထက်၊ ဆိုင်ကယ်၊ နွားများ၊ ကူးတို့လှေစသည်တို့ ပိုင်ဆိုင်သည့် ဓနအင်အားအဆင့်သတ်မှတ်ချက် (B) တွင်ရှိသည့် အိမ်ထောင်စုမှာ (၄၀) စုခန့်ဖြစ်သည်။ ထိုအိမ်ထောင်စုများသည် နိုင်ငံခြားတွင် သွားရောက်လုပ်ကိုင်ကြပြီး ရရှိလာသည့် ငွေကြေးများကို ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရာမှ အဆင်ပြေစွာဖြင့် ရပ်တည်နိုင်သည့် အိမ်ထောင်စုဝင်များဖြစ်ကြသည်။

ဝါးထရံကာ၊ ဓနိမိုးအိမ်၊ လယ် (၅) ဧကအောက်၊ နွား၊ ဆိုင်ကယ်၊ လှေ စသည်တို့ကို ပိုင်ဆိုင်ကြပြီး ဓနအင်အားအဆင့်သတ်မှတ်ချက် (C) တွင်ရှိသော မပြေလည်သည့် အိမ်ထောင်စုမှာ (၁၅) စုခန့် ရှိသည်။ ထိုအိမ်ထောင်စုများသည် ကျေးရွာတွင် နေ့စားကျဘမ်းလုပ်ငန်းဖြင့် အသက်မွေးကြသည်။

စုစုပေါင်းအိမ်ထောင်စု၏ (၂၁၄) စုခန့်မှာ ဓနအင်အားအဆင့်သတ်မှတ်ချက် (D) တွင်ရှိပြီး အိမ်ပိုင်မရှိ၊ မြေငှားရမ်းနေထိုင်ရသူ၊ ကျဘမ်းလုပ်ကိုင်စားကြသောကြသူများဖြစ်ကြပြီး အလွန်နွမ်းပါး သည့်အိမ်ထောင်စုများဖြစ်ကြသည်။ ၄င်းအိမ်ထောင်စုများ၏တစ်နေ့ပျမ်းမျှဝင်ငွေမှာ (၃၀၀၀) ကျပ်မှ (၅၀၀၀) ကျပ်ခန့်သာရှိကြောင်းသိရသည်။

ကျေးရွာ၏ သုံးပုံနှစ်ပုံခန့်မှာ နွမ်းပါးကြသည်ကိုတွေ့ရသည်။ ၄င်းကဲ့သို့ဖြစ်နေခြင်းမှာ အရင်းအမြစ်များပိုင်ဆိုင်မှုမရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ အသက်မွေးဝမ်းကျောင်းမှု အတတ်ပညာများ တတ်မြောက်မှုနည်းပါးခြင်းအပြင် ပညာရေးကဏ္ဍတွင်လည်း အားနည်းမှုများ ရှိနေခြင်းတို့ကြောင့် ဖြစ်ကြောင်း သုံးသပ်ရပါသည်။

၆.၄ ပင့်ကူအိမ်သုံးသပ်ခြင်း



ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(ကော့မုပွန်ကျေးရွာအုပ်စု၊ ကော့မုပွန်ကျေးရွာ)

ကော့မုပွန်ကျေးရွာပင့်ကူအိမ်သုံးသပ်ခြင်း

ကော့မုပွန်ကျေးရွာ၏ ပင့်ကူအိမ်သုံးသပ်ချက်ကို အဆင့် (၁၇) ဆင့် အချက် (၈) ချက်ဖြင့် သုံးသပ်ဆွေးနွေးခဲ့ပါသည်။

အိမ်မှုကိစ္စ

အိမ်မှုကိစ္စရပ်များတွင် အမျိုးသမီးများမှသာ ဦးဆောင်နေသည်ကို တွေ့ရသည်။ အကြောင်းမှာ အိမ်မှုကိစ္စရပ်များအား အစဉ်အလာအရ အမျိုးသမီးများနှင့်သာ သက်ဆိုင်သည်ဟု ခံယူထားကြပြီး အမျိုးသမီးများမှသာ ဦးဆောင်ရွက်ပြုကာလုပ်ကိုင်နေကြသောကြောင့်ဖြစ်သည်။

အလုပ်အကိုင်အခွင့်အလမ်း

အလုပ်အကိုင်အခွင့်အလမ်းတွင် အမျိုးသားများသည် အမျိုးသမီးများထက်ပို၍ အခွင့်အရေးများ ကြောင်းတွေ့ရသည်။ အကြောင်းမှာ အမျိုးသမီးများသည် အိမ်မှုကိစ္စရပ်များတွင်သာ အချိန်ပြည့်နီးပါး လုပ်ကိုင်နေရခြင်း၊ ရှိနှင့်နေပြီးသော အခွင့်အလမ်းများမှာလည်း များသောအားဖြင့် အမျိုးသားများကို သာအားထားနေခြင်းအပြင် လုပ်ခလစာရရှိမှုတွင်လည်း အမျိုးသမီးများထက်စာလျှင် အမျိုးသားများက ပိုမိုရရှိခြင်းတို့ကြောင့် အမျိုးသားများမှာ အမျိုးသမီးများထက်ပိုမို၍ အလုပ်အကိုင်အခွင့်လမ်း ရရှိနေကြ သည်ဟု သုံးသပ်ရပါသည်။

ဝင်ငွေရရှိမှု

ဝင်ငွေရရှိမှုအပိုင်းသည် အလုပ်အကိုင်အခွင့်အလမ်းနှင့် တိုက်ရိုက်အချိုးကျမှုရှိနေသည်ကို တွေ့ရသည်။ အမျိုးသားများသည် အလုပ်အကိုင်အခွင့်အလမ်းတွင် အမျိုးသမီးများထက်ပိုမိုနေသော ကြောင့် ဝင်ငွေရရှိမှုအပိုင်းတွင်လည်း အမျိုးသားများကသာ အမျိုးသမီးများထက်ပိုမိုသည်။ လုပ်အား အတွက် အချိန်ပေးမှုမှာ အမျိုးသားများနှင့် အမျိုးသမီးများတန်းတူဖြစ်သော်လည်း လုပ်ငန်းအားလုံး နီးပါးတွင် လုပ်ခလစာပေးချေမှုမှာ အမျိုးသမီးများထက်စာလျှင် အမျိုးသားများက ပိုမိုရရှိခြင်းကြောင့် လည်း ဝင်ငွေရရှိမှုအပိုင်းတွင် အမျိုးသားများက ပိုသည်ကိုတွေ့ရသည်။

ဦးဆောင်မှု

ဦးဆောင်မှုအပိုင်းတွင်လည်း အမျိုးသားများမှာ အမျိုးသမီးများထက် မြင့်မားနေသည်ကိုတွေ့ရ သည်။ အကြောင်းမှာ အစဉ်အဆက်ကတည်းက အမျိုးသားများအား အိမ်ထောင်ဦးစီးများအဖြစ် သတ်မှတ်ထားခြင်းခံရပြီး အိမ်၏အရေးအရာများအား ဦးဆောင်ကာ ဆုံးဖြတ်နေကြခြင်းနှင့် အမျိုးသမီး အများစုမှာ အိမ်အတွင်းတွင်သာအနေများခြင်းကြောင့် ဖြစ်ကြောင်းသိရသည်။

ပညာသင်ရေး

ပညာရေးတွင်လည်း အမျိုးသားများမှ အမျိုးသမီးများထက် ပိုမိုရရှိနေသည်ကိုတွေ့ရသော်လည်း ဆွေးနွေးချက်များအရ ကွာဟမှုမရှိကြောင်းသိရသည်။ သို့ရာတွင်လည်း စားဝတ်နေရေး မပြေလည်မှုများကြောင့် ပညာရေးတွင်ဆုံးခန်းတိုင်အောင် သင်ကြားနိုင်ခြင်းအားနည်းကြောင်း ဆွေးနွေးကြပါသည်။

အစည်းအဝေးများတွင်ပါဝင်မှု

၄င်းကဏ္ဍတွင် အမျိုးသား၊ အမျိုးသမီးတန်းတူရှိနေသည်ကိုတွေ့ရသည်။ ရပ်ရွာအရေးကိစ္စရပ်များ၊ အစည်းအဝေးများတွင် အမျိုးသား၊ အမျိုးသမီးခွဲခြားမှုမရှိဘဲ တန်းတူပါဝင်ခွင့်ရှိသည်ဟု ဆွေးနွေးကြသည်။


လုံခြုံမှု

ဘဝလုံခြုံမှုအပိုင်းကိုလေ့လာရာတွင်လည်း အမျိုးသားများမှပိုမိုမြင့်မားသည်ကို တွေ့ရသည်။ လေ့လာသုံးသပ်ချက်အရ အမျိုးသမီးများ ဘဝလုံခြုံမှုအပိုင်းတွင် နိမ့်ကျနေခြင်းမှာ ပတ်ဝန်းကျင်ပယောဂများကြောင့်မဟုတ်ဘဲ ၄င်းတို့၏စိတ်ပိုင်းဆိုင်ရာကြောင့်သာ လုံခြုံမှုနည်းသည်ဟု ခံစားရခြင်းဖြစ်ကြောင်းသိရှိရသည်။

ဆုံးဖြတ်ချက်ချနိုင်မှု

ဆုံးဖြတ်ချက်ချနိုင်မှုတွင် အမျိုးသားနှင့် အမျိုးသမီးတန်းတူပင်ရှိသည်ကို တွေ့ရသည်။ အိမ်ထောင်စုတစ်ခုတွင် အမျိုးသမီးများက ၄င်းတို့၏အမြင်များကို ဆွေးနွေးပြောဆိုခွင့်ရှိပြီး အမျိုးသား၊ အမျိုးသမီးတို့ (၂) ဦးစလုံး၏အမြင်များကို ပေါင်းစပ်ကာ ညှိနှိုင်းပြီးဆုံးဖြတ်ချက်ချကြကြောင်းသိရသည်။ ယခုအခါတွင် ကျေးရွာအစည်းအဝေးပွဲများတွင်လည်း အမျိုးသမီးများကို ပိုမို၍ဦးစားပေးလာကြ သည်ဟု ဆွေးနွေးကြပါသည်။

၆.၅ ရာသီခွင်ပြဇယား



ရာသီခွင်ပြ ပြကွဒိန် ကော့မုပွန်ကျေးရွာ

အကြောင်းအရာ	တန်းမုံး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန်ခူတော်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း	ဝင်ငွေ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးပါဝင်မှု
ရာသီဥတု	✸✸	✸				✸	✸	✸	✸					၄၂၄	
ကျန်းမာရေးအခြေနေ	ဆီးမွှေး	–	–	ဆေးရုံသွားခြင်း	–	–	–	ဝေဒနာခံစား	–	–	–	ဆေးခန်းစာ		၄၂၄	
ဖွဲ့စည်းပုံ	ဘုရားပွဲ	ရေးသွင်းခြင်း	–	–	–	–	ဖွဲ့စည်းပုံ	ကထိန်ပွဲ	–	ကြိုးဆွဲအား	–	–		၄၂၄	
သောက်သုံးရေရရှိမှုအခြေအနေ	ရွာပါ	ရွာပါ	–	–	–	–	–	–	–	–	–	ရွာပါ		၄၂၄	
ခြံကျပျိုးစေ့		ပဲ၊ ပဲစင်း၊ ပဲစင်းမြင့်	ပဲ၊ ပဲစင်း၊ ပဲစင်းမြင့်	ပဲ၊ ပဲစင်း	ပဲစင်း၊ ပဲစင်းမြင့်	ပဲစင်း	ပဲစင်း၊ ပဲစင်းမြင့်	ပဲစင်း၊ ပဲစင်းမြင့်	ပဲခြင်	ပဲခြင်	ပဲစင်း၊ ပဲစင်းမြင့်	ပဲစင်း၊ ပဲစင်းမြင့်		၄၂၄	
အာဟာရအကျိုး	ငါးမြင့်	ငါးမြင့်	ငါးမြင့်၊ ဆီးမြင့်	ငါးမြင့်၊ ဆီးမြင့်	ငါးမြင့်	ငါးမြင့်	ငါးမြင့်	ဝါးပါးမြင့်၊ ငါးမြင့်	ဝါးပါးမြင့်၊ ငါးမြင့်	ပဲစင်းမြင့်၊ ငါးမြင့်	ငါးမြင့်	ပဲစင်းမြင့်၊ ငါးမြင့်		၄၂၄	
ဈေးဖွင့်ခေတ်အလှည့်	$	$	$ $	$ $	$ $	$	$	$ $	$ $	$	$ $	$ $		၄၂၄	

ကော့မုပွန်ကျေးရွာရာသီခွင်ပြဇယား သုံးသပ်ချက်


ကော့မုပွန်ကျေးရွာအုပ်စု၊ ကော့မုပွန်ကျေးရွာ၏ ရာသီသတုအခြေအနေမှာ ကဆုန်လမှ သီတင်းကျွတ်လအထိမိုးရွာသွန်းသည်။ ဝါဆို၊ ဝါခေါင်လတွင် မိုးသည်းထန်သည်။ တပေါင်း၊ တန်ခူးလများတွင်နေပူရှိန်အလွန်ပြင်းသည်။ သောက်သုံးရေရှားပါးသည်။ မြစ်ကမ်းနံဘေးရွာဖြစ်သည့်အတွက် သောက်သုံးရေ ရှားပါးမှုဒဏ်ကို ပို၍ခံစားရသည်။ ကဆုန်၊ နယုန်၊ ဝါဆို၊ ဝါခေါင်လများတွင် မိုးရေကို မှီခိုအားထားပြီးသုံးစွဲကြရသည်။ ကျန်သောလများတွင် မြစ်ရေကိုသိုလှောင်ခြင်းဖြင့် သုံးရေရရှိသည်။ သောက်ရေကိုမူဝယ်ယူအသုံးပြုရသည်။

ပွဲတော်ကာလအနေဖြင့် ပြာသို၊ တပို့တွဲလတွင် ရှင်ဥပဂုတ္တရေချပွဲ၊ တန်ခူးလတွင် ကျေးရွာဘုရားပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲများကို စည်ကားသိုက်မြိုက်စွာကျင်းပကြသည်။

အသက်မွေးဝမ်းကြောင်းလုပ်ငန်းအနေဖြင့် ပဲစိုက်ပျိုးခြင်း၊ လယ်ယာလုပ်ငန်းလုပ်ကိုင်ခြင်း၊ ကျဘမ်းလုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် အသက်မွေးကြသည်။ ပဲစိုက်လုပ်ငန်းတွင် အမျိုးသမီးများနေ့စားလုပ်ကိုင်နိုင်သည်။ ပဲအထွက်နှုန်းကျဆင်းသောကြောင့် ပိုင်ရှင်များအနေဖြင့် ဝင်ငွေနည်းပါးသည့် အခက်အခဲကိုကြုံရသည်။ အမျိုးသမီး ၄၀% ခန့်အလုပ်အကိုင်ရရှိကြသည်။ တစ်နေ့လျှင် အမျိုးသမီးတစ်ဦး ပျမ်းမျှလုပ်အားခ (၂၅၀၀) ကျပ်မှ (၃၀၀၀) ပတ်ဝန်းကျင်ရရှိကြသည်။ သို့သော်လည်း တစ်နှစ်ပတ်လုံးအနေဖြင့် အမှန်ဝင်ငွေရရှိခြင်းမရှိပေ။ စားဝတ်နေရေးအတွက် လုံးပန်းနေကြရသဖြင့် ပိုလျှံငွေစုဆောင်းနိုင်ခြင်းမရှိကြောင်း ဆွေးနွေးကြသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(ကော့မုပွန်ကျေးရွာအုပ်စု၊ ကော့မုပွန်ကျေးရွာ)

၆.၆ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှု



ကော့မုပွန်ကျေးရွာပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှု သုံးသပ်ချက်

ကော့မုပွန်ကျေးရွာ၏ အဓိကအရင်းအမြစ်များမှာ စာသင်ကျောင်း၊ မူကြိုကျောင်း၊ လမ်း၊ လှေဆိပ်၊ လယ်ကွင်း၊ ကူးတို့လှေ၊ နွား၊ ထော်လာဂျီ၊ အိမ်၊ ဇရပ်၊ ဆိုင်ကယ်၊ ကျန်းမာရေးဆေးပေးခန်း၊ အုပ်ချုပ်ရေးမှူးရုံး၊ ဘုန်းတော်ကြီးကျောင်း စသည်တို့ဖြစ်သည်။ ၎င်းအရင်းအမြစ်များအား အတူတကွ ပိုင်ဆိုင်ကြပြီး ထိန်းချုပ်ရာတွင်လည်းအတူတကွ ထိန်းချုပ်ကြကြောင်း ဆွေးနွေးကြပါသည်။

၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ






ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(ကော့မုပွန်ကျေးရွာအုပ်စု၊ ကော့မုပွန်ကျေးရွာ)

၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	ကျေးရွာအုပ်စု	ကျေးရွာ	ဖွဲ့စည်းသည့်ရက်စွဲ	ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအမည်	ရာထူး
၁	ကော့မုပွန်	ကော့မုပွန်	၃-၇-၂၀၂၃	ဦးဝင်းထိန်	ဥက္ကဋ္ဌ
၂				ဦးအုံးရွှေ	အတွင်းရေးမှူး
၃				ဒေါ်နွဲ့နွဲ့မော်	ဥက္ကဋ္ဌ
၄				ဦးသန်းမြင့်လှိုင်	ဘဏ္ဍာရေးမှူး
၅				ဦးအုံးဝင်း	စာရင်းကိုင်
၆				ဦးအောင်ခင်	အဖွဲ့ဝင်
၇				ဒေါ်အေးမြင့်	အဖွဲ့ဝင်
၈				ဒေါ်ရီရီဝင်း	အဖွဲ့ဝင်
၉				ဒေါ်သန်းဌေး	အဖွဲ့ဝင်
၁၀				ဦးသိန်းထွန်း	အဖွဲ့ဝင်
၁၁				ဦးသန်းဖေ	အဖွဲ့ဝင်
	စုစုပေါင်း			(၁၁)ဦး	

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(ကော့မုပွန်ကျေးရွာအုပ်စု၊ ကော့မုပွန်ကျေးရွာ)

၉။ ကျေးရွာအချက်အလက် (ပုံစံ-၁)



ပုံစံ - ၈ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စိမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စိမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tables မှ တဆင့် ဖြည့်သွင်းရမည်။

ကျေးရွာခေါင်းဆောင် အမည်	ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ်	လူထုစည်းရုံးရေးမှူး၏ အမည်
ဦးခင်မောင်	09-978426664	ဒေါ်အိအိမြဲ

မြို့နယ်/တိုင်းဒေသကြီး	မြို့နယ်	ကျေးရွာအုပ်စု	ကျေးရွာ
မြို့	ချောင်းဆုံ	ကော့မုပွန်	ကော့မုပွန်

က။ လူဦးရေ

လူမျိုးစု	အိမ်ထောင်စုအရေအတွက်	ကိုးကွယ်သည့်ဘာသာ	အိမ်ထောင်စုအရေအတွက်
လူမျိုးစု (၁) ---ဗမာ	406	ဘာသာ (၁) ---ဗုဒ္ဓ---	406
လူမျိုးစု (၂) ---သဘိလ	18	ဘာသာ (၂) ---ခရစ်ယာန်	18
လူမျိုးစု (၃) ----------		ဘာသာ (၃) ----------	
လူမျိုးစုရော ----------		ဘာသာရော ----------	
အခြား			
	အရေအတွက်		
မ--ရ်စွမ်းသူများ			
သဟဘာကြီးရွယ်အိုများ (၆၀ နှစ် နှင့် အထက်)	121		
စစ်ဘေးရှောင်			

	အမျိုးသား (အရေအတွက်)	အမျိုးသမီး (အရေအတွက်)
လူဦးရေ	925	1045
လူမျိုးစု (၁)---သဘိလ	50	110
လူမျိုးစု (၂)---ဗမာ---	875	935
လူမျိုးစု (၃)----------		
အခြား		
အိမ်ထောင်ဦးစီး	379	45

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

ကျေးရွာဖွဲ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(ကော့မုပွန်ကျေးရွာအုပ်စု၊ ကော့မုပွန်ကျေးရွာ)

စာသင်ကျောင်း	အမှတ်ခြစ်ပါ	ကျန်းမာရေး	အမှတ်ခြစ်ပါ	ဘာသာရေး အဆောက်အဦများ	အမှတ်ခြစ်ပါ
အထက်တန်းကျောင်း	☐	ဆေးရုံ	☐	ဓမ္မတိ	✓
အလယ်တန်းကျောင်း	✓	ကျန်းမာရေးဌာန	☐	ဘုန်းကြီးကျောင်း	✓
မူလတန်းကျောင်း	✓	ကျန်းမာရေးဌာနခွဲ	✓	ဟိန္ဒူဘုရားကျောင်း	✓
မူကြိုကျောင်း	✓	ဆေးပေးခန်း	☐	ခရစ်ယာန်ကျောင်း	☐
အခြား	✓	အခြား	✓	ဗလီ	☐
				အခြား	☐
မှတ်ချက်		မှတ်ချက်		မှတ်ချက်	

(၁) တွေ့ကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

(၁) စာသင်ခန်းကျောင်း			(၂) ကျန်းမာရေး			(၃) လက်မှုပညာရှင်		
	ရွာတွင်နေထိုင်သူ	အခြားရွာမှလာသူ		ရွာတွင်းနေထိုင်သူ	အခြားရွာမှလာသူ		ရွာတွင်းနေထိုင်သူ	အခြားရွာမှလာသူ
မူလတန်းပြဆရာ/မ	✓	✓	ဆရာဝန်	☐	☐	လက်သမား	✓	✓
ဆရာ/မ	☐	☐	ကျန်းမာရေးမှူး	☐	✓	ပန်း	☐	☐
အလယ်တန်းပြဆရာ/မ	✓	✓	အဖိုးခမီး ကျန်းမာရေး ဆရာမ	☐	✓	လွယ်စင်ကျွန်းကျွမ်း ပီးသမား	☐	☐
မူကြိုဆရာ/မ	✓	☐	သားဖွားဆရာမ	✓	☐	ရေပိုက်သွယ်သူ	☐	☐
အခြား	☐	☐	ပြည်သူ့ကျန်းမာရေး လုပ်သား	☐	☐	စက်ပြင်ဆရာ	☐ ✓	☐ ✓
မှတ်ချက်			မှတ်ချက်			မှတ်ချက်		

(၁၁) ကျေးရွာသို့ ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား _____

(၁၂) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်
(၁) လူဘုရားတို့ဖြစ်မြောက်နိုးမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ
(၂) ရှိခဲ့ပါကျွင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်-2015-/မသိပါ
(၃) ဤစီမံချက်ကို မြို့နယ်မှအာဏာပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(၁၃) အိုးအိမ်အားဖေး

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(ကော့မုပွန်ကျေးရွာအုပ်စု၊ ကော့မုပွန်ကျေးရွာ)

(၁) ဤကျေးရွာ၏ပဟိုမှ ၎င်းကျေးရွာအုပ်စု၏ပဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်---၀---/မသိပါ
(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုပဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား ----------

မိုးရာသီတွင်ကြာချိန်---------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား ----------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်
ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။
☐ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖေါ်ပြပါ ----------
(ဇ) ကျေးရွာတွင် ဖွံ့.စည်းထားသော အဖွဲ့.အစည်းများ
လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့.ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့.စည်းထားသည့် အဖွဲ့.အစည်းများရှိပါသလား။

(၁) UNDP
(၂) ရေစီမံခန့်ခွဲ


(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း
ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။
☐ မရှိပါ ☐ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦး [illegible]
လက်မှတ် နေ့စွဲ 8.10.2017

လူထုစည်းရုံးရေးမှူး အမည် ဒေါ်[illegible]
လက်မှတ် နေ့စွဲ 8.10.2017


ကျေးရွာဖွံ့.ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(ကော့မုပွန်ကျေးရွာအုပ်စု၊ ကော့မုပွန်ကျေးရွာ)

၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)



ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)


စီမံကိန်းဆောင်ရွက်မှုအဆင့်များ	နေ့စွဲ		အစည်းအဝေးတွင်တက်ရောက်သူအရေအတွက်			
	စတင်သည့်နေ့	ပြီးဆုံးသည့်နေ့	အမျိုးသားအရေအတွက်	အမျိုးသမီးအရေအတွက်	အဖွဲ့ထောင်စုအရေအတွက်	လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည်
၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး	7.10.2017	7.10.2017	89	138	227	၊
၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး	8.10.2017	8.10.2017	91	146	195	၊ ၊
၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး	12.10.2017	12.10.2017	20	15	35	မမာ (၃၁) ၊ သဖိန် (၄) ၊
၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး	14.11.2017	23.11.2017	မလို	မလို	မလို	မလို
၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်မှ ရေး ကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး	14.12.2017	14.12.2017	56	169	225	၊ ၊ ၊ ၊ ၊
၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး						
၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း	18.12.2017	18.12.2017	7	7	14	၊ ၊



၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း	20.12.2017	20.12.2017	8	7	15	၊ ၊
၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း	21.12.2017	21.12.2017	15	12	27	မမာ - ၁၄ ၊ သဖိန် - ၁၁ ၊
၆.၄။ မြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း	28.12.2017	28.12.2017	8	7	15	၊ ၊
၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး						
၇.၁။ အစည်းအဝေး ပထမအကြိမ်	3.1.2018	3.1.2018	7	5	12	၊ ၊
၇.၂။ အစည်းအဝေး ဒုတိယအကြိမ်	24.1.2018	24.1.2018	8	8	16	၊ ၊
၇.၃။ အစည်းအဝေး တတိယအကြိမ်	8.2.2018	8.2.2018	7	7	14	၊ ၊
၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး	13.3.2018	13.3.2018	5	7	12	၊ ၊
၉။ လူထုစစ်ဆေးပွဲအစည်းအဝေး	23.3.2018	23.3.2018	71	163	234	၊ ၊

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(ကော့မုပွန်ကျေးရွာအုပ်စု၊ ကော့မုပွန်ကျေးရွာ)

၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)



ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(ကော့မုပွန်ကျေးရွာအုပ်စု၊ ကော့မုပွန်ကျေးရွာ)

ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအား ဖော်ပြပါ။

အဆင့်	ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ	အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး)	ခန့်မှန်းကုန်ကျ စရိတ်	အကျုံးဝင်အကျိုးခံရမည့် ခန့်မှန်းခြေ အရေ အတွက်
၁	ကျေးရွာခန်းဖတည်ဆောက်ခြင်း	အမျိုးသား+အမျိုးသမီး	16500000	1970
၂	ရပ်ကွက် (၄) ကွန်ကရစ် လမ်း ခင်း ခြင်း ဆည်သန့်ရှင်း	အမျိုးသား+အမျိုးသမီး	4000000	1970
၃	ရပ်ကွက် (၉)ကွန်ကရစ်လမ်း ခင်း ခြင်း	အမျိုးသား+အမျိုးသမီး	5000000	1970
၄				
၅				

ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအား ဖော်ပြပါ။


အဆင့်	ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ	အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး)	အခန်းကဏ္ဍ
၁	စက်လျှပ်သင်တန်း	အမျိုးသား+အမျိုးသမီး	
၂	ဆိုက်ကယ်ရေးသင်တန်း	အမျိုးသား+အမျိုးသမီး	
၃	အလှပြင်သင်တန်း	အမျိုးသား+အမျိုးသမီး	
၄	မြေးမြှေးရေးသင်တန်း	အမျိုးသား+အမျိုးသမီး	
၅			

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည် ဦးတင်အိုကို လက်မှတ် နေ့စွဲ 13.12.2017

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(ကော့မုပွန်ကျေးရွာအုပ်စု၊ ကော့မုပွန်ကျေးရွာ)

၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)



လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TF တို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည်နယ်အောင်ပြည်သွင်းရမည်။ ဤပုံစံစွာပြည်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

ကျေးရွာစည်းရုံးရေးမှူး/ပန်ထမ်းအမည် အိမ်မိုးမြို့စောဘင်

နေ့စွဲ 12.10.2017 | စက်ပန်းအားအမှတ်ခြစ်ပေးပါ။(√) □စက်ပန်း(၁) □စက်ပန်း(၂) ☑စက်ပန်း(၃) □စက်ပန်း(၄)


ပြည်နယ်/တိုင်း မွန် | မြို့နယ် ချောင်းဆုံ | ကျေးရွာအုပ်စု စောဘုပွန

ကျေးရွာအမည်	ဆောင်ရွက်မည့် လုပ်ငန်းများ	အတိုင်းအတာ	ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့် ရှိသူများ	အဆိုပြုတင်ပြသူ	ခန့်မှန်းကုန်ကျစရိတ်			
					စီမံကိန်းမှ ထည့်ဝင်မှု	ကျေးရွာမှ ထည့်ဝင်မှု	အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ / အမည်/အဖွဲ့	စုစုပေါင်း
စောဘုပွန	စေ့ျးရွာခန်း၊ ပ တည်ဆောက်ခြင်း	40' x 25'x12'	2357	□ ကျား □ မ □ ကျား+ မ	16500000			16500000
ကွလာဘု	ကွန်ကရစ်ကန်ခင်း ခြင်း	2(1050'x 2'x6")		□ ကျား □ မ □ ကျား+ မ	7000000			7000000
				□ ကျား □ မ □ ကျား+ မ				
				□ ကျား □ မ □ ကျား+ မ				
				□ ကျား □ မ □ ကျား+ မ				

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦးဘင်ကိုကို လက်မှတ် ရက်စွဲ 12.10.2017

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(ကော့မုပွန်ကျေးရွာအုပ်စု၊ ကော့မုပွန်ကျေးရွာ)

၁၃။ အစည်းအဝေးမှတ်တမ်းများ



ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ - ကော့မုပွန်ကျေးရွာ
ကျေးရွာအုပ်စု - ကော့မုပွန်ကျေးရွာအုပ်စု
နေရာ - အ.လ.က (ကော့မုပွန်)
နေ့စွဲ - (7.10.2017)
အချိန် - (10:00 am to 2:30 pm)

အကြောင်းအရာ - ပထမအကြိမ်အစည်းအဝေး

10:15 am အချိန်တွင် ကော့မုပွန်ကျေးရွာအုပ်ချုပ်ရေးမှူးဦးတင်လှမှ အဖွင့်မှာစကားပြောကြားပေးခဲ့ပါသည်။ ဦးစွာပထမအနေနဲ့ကျေးရွာလူထုနှင့်ကော်မတီဝင်များကို အထူးကျေးဇူးတင်ပါကြောင်းပြောကြားပြီး ကော်မတီဝင်များအနေနဲ့ယခင်နှစ်များကဲ့သို့ စည်းစည်းလုံးလုံးလုပ်ဆောင်ပေးကြပါရန် တိုက်တွန်းလိုပါတယ် ကော်မတီဝင်များမှလည်းယခင်နှစ်အတွေ့အကြုံကိုသင်ခန်းစာယူပြီး ဆက်လက်လုပ်ဆောင်ပေးကြပါလို့တိုက်တွန်းပါတယ် ကျွန်တော်ကတော့ ကျွန်တော်လုပ်ဆောင်ပေးရမည့်အပိုင်းတွေကိုတာဝန်ယူဆောင်ရွက်ပေးသွားမှာပါဟု ပြောကြားခဲ့ပါသည်။

10:25 am အချိန်တွင် ဒေါ်အိမိုမို့အောင်မှ စီမံကိန်းမိတ်ဆက်အကြောင်း မိတ်ဆက်ပေးခဲ့ပါသည်။ စီမံကိန်းမိတ်ဆက်(15)ချက်ကိုရှင်းပြခဲ့သည်။


11.10 am အချိန်တွင် ဒေါ်ခြူးအိတာမှ စီမံကိန်းစက်ဝန်း အပိုင်း(၆)ပိုင်း အကြောင်းကိုသေချာစွာရှင်းပြခဲ့ပါသည်။ အဆင့်(၁၄)ဆင့်ကိုသေချာစွာရှင်းပြပေးခဲ့ပါသည်။ ဆက်လက်ပြီးလူထုဗဟိုပြုစီမံကိန်းတွင်အဓိကပါဝင်သူများအကြောင်းကိုသေချာစွာရှင်းပြပေးခဲ့ပြီး အဓိကပါဝင်သူများအနေနဲ့ တာဝန်ယူမှုတာဝန်ခံမှု အပိုင်းကိုသေချာစွာရှင်းပြပေးခဲ့ပါသည်။

12:30 pm အချိန်တွင် ဒေါ်အိမိုမို့အောင်မှကော့မုပွန်ကျေးရွာအတွက်စေတနာဝန်ထမ်းကိုကျေးရွာလူထုမှရွေးချယ်ပေးနိုင်ရန်ဆွေးနွေးပေးခဲ့ပါသည်။ယခင်နှစ်ကျေးရွာစေတနဝန်ထမ်းမှပြန်လည်လုပ်ဆောင်ပေးရန်ဆန္ဒရှိကြောင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအတွက်လုပ်ဆောင်ပေးရန်ဆန္ဒရှိသည်ဟု ဆွေးနွေးပေးခဲ့ပါသည်။

12:50 pm အချိန်တွင် တတ်ရောက်လာသောကျေးရွာလူထုများကို အဖွဲ့နှစ်ဖွဲ့ခွဲကာ (PRA)အကြောင်းဆွေးနွေးခဲ့ပါသည်။ တဖွဲ့ကိုအကြောင်းအရာ (၃) ခုစီခွဲ၍ ကျေးရွာရဲ့အခြေအနေကို (PRA) နည်းဖြင့်သုံးသပ်ခဲ့ပါသည်။ အဖွဲ့လိုက်ဆွေးနွေးလိုရရှိလာသောရလဒ်များကို ပြန်လည်ပေါင်းစပ်ပြီးတင်သည်။

2:30 အချိန်တွင် တနေ့တာဆွေးနွေးခဲ့သောဆွေးနွေးချက်များကို အနှစ်ချုပ်ပြန်လည်ဆွေးနွေးပေးခဲ့ပြီး အစည်းအဝေးပွဲကို အဆုံးသတ်ခဲ့ပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(ကော့မုပွန်ကျေးရွာအုပ်စု၊ ကော့မုပွန်ကျေးရွာ)



ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ - ကော့မုပွန်ကျေးရွာ
ကျေးရွာအုပ်စု - ကော့မုပွန်ကျေးရွာအုပ်စု
နေရာ - အ.လ.က (ကော့မုပွန်)
နေ့စွဲ - (8.10.2017)
အချိန် - (10:00 am to 2:30 pm)

အကြောင်းအရာ - ဒုတိယအကြိမ်အစည်းအဝေး

10:00 အချိန်တွင် ပထမနေ့ဆွေးနွေးထားသောအကြောင်းအရာများကို ဒေါ်အိမိုမို့အောင်မှပြန်လည်ဆွေးနွေးပေးခဲ့ပါသည်။ဆက်လက်ပြီးကျေးရွာစီထောက်ကော်မတီ ရွေးချယ်ခြင်းအစီအစဉ်ကို ဆက်လက်ဆွေးနွေးခဲ့ပါသည်။ ဆပ်ကော်မတီဝင်(၃)ဖွဲ့ကိုလည်းအမျိုးသမီး အမျိုးသားအချိုးညီအောင်ပြန်လည်ရွေးချယ်ပြီးဝေဖန်အကြံပြုတိုင်ကြားရေးတာဝန်ခံများကိုလည်းကျေးရွာလူထုမှ ဆက်လက်ရွေးချယ်ပေးခဲ့ပါသည်။ ထို့ပြင်ယခင်နစ်မှကျေးရွာဖွံ့ဖြိုးရေးအတွက်လုပ်ဆောင်ပေးခဲ့သော ကော်မတီဝင်များကိုကျေးရွာလူထုရှေ့မောက်တွင်ဂုဏ်ပြုကျေးဇူးတင်စကား ပြောကြားပေးခဲ့ပါသည်။ ယခုနစ်တွင် ကော်မတီဝင်(80%) ခန့်ဆက်လက်လုပ်ဆောင်ပေးပြီး(20%)ခန့်သာကြောင်းကြောင်းကြောင့်အနားယူခဲ့ပါသည်။

12:00 အချိန်တွင် အမျိုးသားအမျိုးသမီးနှစ်ဖွဲ့ခွဲ၍ မိမိတို့ကျေးရွာဖွံ့ဖြိုးတိုးတတ်ရန် နောက်နေ့နေသောအခက်အခဲများ အဟန့်အတားများ နောင်ငါးနှစ်တွင်မိမိတို့ကျေးရွာ ဖြစ်စေချင်သောမျှော်မှန်းချက်များ ကျေးရွာဖွံ့ဖြိုးတိုးတတ်ရေးလုပ်ငန်းများကိုဆွေးနွေးတိုင်ပင်ဖော်ထုတ်ခဲ့ပါသည်။ ထို့နောက်အဖွဲ့ခွဲထားသောအမျိုးသားအဖွဲ့ အမျိုးသမီးအဖွဲ့တို့ကိုပြန်လည်ပူးပေါင်းကာ အချင်းချင်းပြန်လည်တင်ပြခဲ့ကြသည်။ ထွက်ပေါ်လာသောအကြောင်းအရာများကိုကြည့်ခြင်းအားဖြင့် အမျိုးသားအမျိုးသမီးအမြင်မတူညီကြောင်းတွေ့ရပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအတွက်ဦးစားပေးလုပ်ငန်းများကိုရွေးချယ်ပြီးအဆင့်သတ်မှတ်ပေးနိုင်ရန်ဆွေးနွေးပေးခဲ့ပါသည်။

ထို့နောက်နှစ်ရက်တာဆွေးနွေးပေးခဲ့သောကြောင်းအရာများကို အနှစ်ချုပ်ပြန်လည်ဆွေးနွေးပေးခဲ့ပြီး ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဋ္ဌမှကျေးရွာလူထုအားနှစ်ရက်တာအချိန်ပေးဆွေးနွေးပေးသောကြောင့်အားလုံးကိုယ်စားကျေးဇူးတင်စကားပြောကြားရင်းအစည်းအဝေးကိုအပြီးသတ်ခဲ့ပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(ကော့မုပွန်ကျေးရွာအုပ်စု၊ ကော့မုပွန်ကျေးရွာ)

၁၄။ ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ

စဉ်	အဆိုပြုသူ	အခက်အခဲ၊ အတားအဆီးများ
၁	ကျား/မ	ရေအရင်းအမြစ်နှင့် သောက်သုံးရေရှားပါးခြင်း။
၂	ကျား/မ	မြစ်ကမ်းနံဘေးကျေးရွာဖြစ်သဖြင့် ရေကြီးနစ်မြုပ်မှုရှိခြင်း။
၃	ကျား	စာသင်ကျောင်းများပြုပြင်ရန်အတွက် ရံပုံငွေမရှိခြင်း။
၄	ကျား/မ	ကျေးရွာအတွင်းလမ်းများမကောင်းသဖြင့် သွားလာရခက်ခဲခြင်း။
၅	မ	လျှပ်စစ်မီးမရရှိသေးသည့်အချို့သောအိမ်များရှိနေသေးခြင်း။

၁၅။ ကျေးရွာများမှနောင်လာမည့် (၅) နှစ်အတွင်းမျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

စဉ်	အဆိုပြုသူ	လုပ်ငန်း
၁	ကျား/မ	ကျေးရွာအတွင်းရှိလမ်းများအားလုံးကောင်းမွန်ပြီးဖြစ်ရမည်။
၂	ကျား/မ	လျှပ်စစ်မီးကျေးရွာတစ်ရွာလုံးလွှမ်းခြုံပြီးဖြစ်ရမည်။
၃	ကျား/မ	ရေကြီးနစ်မြုပ်မှုမရှိအောင် ရေနုတ်မြောင်းများ၊ ချောင်းများ ကောင်းမွန်ပြီးဖြစ်ရမည်။
၄	ကျား	စာသင်ကျောင်းများ ကောင်းမွန်ပြီးဖြစ်ရမည်။
၅	ကျား	ကျန်းမာရေးဆေးပေးခန်းရှိပြီးဖြစ်ရမည်။
၆	ကျား/မ	သန့်ရှင်းသော သောက်သုံးရေအရင်းအမြစ်များနှင့် သောက်သုံးရေ လုံလောက်စွာရှိပြီးဖြစ်ရမည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်
(ကော့မုပွန်ကျေးရွာအုပ်စု၊ ကော့မုပွန်ကျေးရွာ)

၁၆။ ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ

လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထောက်အကူပြုနိုင်မည့် ရပ်ရွာလူထုမှ လိုအပ်ချက် ရှိနေသော အသက်မွေးဝမ်းကျောင်း သင်တန်းများအားဆွေးနွေးရာတွင် အောက်ဖော်ပြပါ သင်တန်းများအား ရပ်ရွာလူထု တစ်ရပ်လုံးမှ အဆိုပြုတင်ပြခဲ့ပါသည်။

	အ ဆင့်	လုပ်ငန်းအမည်	အဆို ပြုသူ	ကျေးရွာမှတာဝန်ခံ (သို့) အုပ်စု	ပြင်ပမှမည်သူ ထောက်ပံ့မလဲ
အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ	၁	တိရစ္ဆာန်မွေးမြူရေးသင်တန်း	ကျား/မ		
	၂	အလှပြင်သင်တန်း	မ		
	၃	စက်အမျိုးမျိုးပြုပြင်နည်းသင်တန်း	ကျား		
	၄	လက်မှုလုပ်ငန်းသင်တန်း	ကျား		
	၅	စိုက်ပျိုးရေးနည်းပညာသင်တန်း	ကျား		

တစ်နိုင်တစ်ပိုင် ဝင်ငွေတိုးလုပ်ငန်းများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ရရှိပြီးပါကလည်း ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် အရင်းအနှီး မတည်ငွေအတွက် အခက်အခဲရှိနိုင်သေးကြောင်း နှင့် အချို့မှာလည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန်အတွက် အဖွဲ့အစည်းများအချင်းချင်း ချိတ်ဆက်လုပ်ဆောင်ပေးခြင်းများ၊ အလုပ်အကိုင် အခွင့်အလမ်းအသစ်များ ဖန်တီးပေးမှုများ လိုအပ်နေသေးသည်ကို လေ့လာသုံးသပ်ရပါသည်။